
ခေတ်
စာအုပ်တိုက်



သစ္စာပိုင်စိုး

# အငြင်းအခုံနေ့များ

# အငြင်းအခုံနေ့များ
## သစ္စာပိုင်စိုး
## မိသားစု

ဒီအကြောင်းစပြောရင်

စကြဝဠာဟာ သေးငယ်ပြီ

သက်ရှိတို့ရဲ့ပညတ်မှာ

နေပျော်စရာ အကောင်းဆုံးအရပ်လို့ဆိုရင်

ငါတို့ တရှိုက်မက်မက် ဖတ်ခဲ့တာလည်း ဒီစာအုပ်ပဲ

ပြဲထွက်သွားတဲ့ စာမျက်နှာတောင်

ငါတို့ အာဂုံဆောင်နိုင်ကြတယ်

လွမ်းဆွတ်ဖွယ်ရာတွေပဲ

ငါတို့ဟာ နယ်မြေသစ် ရှာဖွေသူလား

ငါတို့ ခွာခဲ့သော အတိတ်ကမ်းပါးလေး

အဆွေးများနဲ့ကျွမ်းမြည့်ပြိုကျရှာတယ်

လူ့ဘဝရဲ့ အဓိပ္ပာယ်မှာ

ငါတို့မပြုပြင်ဖြစ်တာလည်း ဒီဥယျာဉ်

ခက်ပါတယ်

ငါတို့ဟာ ခေါ်သံတွေကြားပေမယ့် ပြန်မလာနိုင်ဘူး

သတိရခြင်းဆိုတာ လေထဲအငွေ့ပြန်သွားရုံ
အဆင်မပြေခြင်းတွေက
အသွားထက်တဲ့ဓားတစ်လက်
ငါတို့ရဲ့အဓိပ္ပာယ်တိုင်းမှာ
ခုတ်ရာရှရာ ဗရပွနဲ့
ဘဝဆိုတာ အပြတ်အတောက်များသလောက်
ပြန်ဆက်မရတဲ့ ကြိုးတစ်ချောင်း
ငါတို့ နားလည်ကြတယ်
မိသားစုဆိုတာ စကြဝဠာထက် ကြီးမားသောအရာ
အဲ့သလို ကျယ်ပြောမှုမျိုးထဲမှာ
ငါတို့ဟာ တစ်ကြိမ်တစ်ခါ ဆုံကြဖို့အရေး
နှစ်ပေါင်းများစွာ ဝေးကြရသူတွေပါ။

သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၁၅

***

## ဖျော့တော့ မှုန်ရီ

လူ့အဖြစ်ရဲ့အဓိပ္ပာယ်များ အရင်းက စစုပ်ထားမိသူ
နေ့ရက်တိုင်းဟာ အရည်ကုန်ဖြူဖျော့လာကြ
ရယ်ရင်လည်း ရယ်တဲ့အလျောက်
တည်ရင်လည်း တည်တဲ့အလျောက်
ကိုယ်သောက်မျိုမိသော အနှစ်သာရများလည်း

ဖွယ်တယ်တယ်တွေချည်းပါပဲလား

ရုပ်ပစ္စည်းများရဲ့ပူလောင်ပြင်းရှသော ညှော်နံ့

လူ့အဖြစ်ကို ခြောက်လှန့်ပြက်ရယ်

တကယ်တမ်းတွေးတောသူမှာ

အသက်ရှူရတာလည်း အကျပ်အတည်းတစ်ခု

ကိုယ်ပြုသမျှ ကိုယ့်ဒုက္ခပဲလို့ ဆယ်ယူခဲ့တယ်

တီထွင်သူတို့ရဲ့ဆန်းသစ်သော ကမ္ဘာထဲ

အရာရာဟာ သာ၍ခက်ခဲလာသလား

အရာရာဟာ သာ၍လွယ်ကူလာသလား

ကိုယ်လိုက်ရှာနေတဲ့ အမှန်တရားကလည်း

ကိုယ့်အမှားကိုပဲချောင်းနေပြီ။ ။

ပန်းအလင်္ကာမဂ္ဂဇင်း

အမှတ် ၁၀- ဇွန်၊ ၂၀၀၇

***

## စမ်းမိတဲ့လမ်း

ခြေသည်းလက်သည်းကအစ

ဆံနွယ်စများအဆုံး

စာလုံးပေါင်းမဖတ်တတ်ရင်

ဘာမှမမြင်နိုင်တဲ့ ဝါကျတွေပဲ

နေ့စဉ်လွဲခဲ့တဲ့ မြူမှုန်မြူစများ

ယူဇနာတိုင် အလျားဆန့်ခဲ့ပြီထင့်

ထိကိုင်မိသမျှဟာ

လွဲကွာရမယ့်လမ်းပဲ

ဆိတ်သုဉ်းခြင်းကို ဆွဲငင်ထားလို့မရရင်

အပြောင်းအလဲကို အကျယ်လောင်ဆုံးမြင်ရမယ်

တစ်နေ့တစ်နေ့

မျက်နှာသစ်မယ် ကိုယ်လက်သန့်စင်မယ်

အမွှေးနံ့သာဖျန်းမယ် အလှအပလွှမ်းမယ်

ဒီလိုနဲ့

အလင်းရောင်ဆီ အာသာငမ်းငမ်းကြည့်ရင်း

အမှောင်ဆီ နောက်ပြန်လှမ်းခဲ့ကြ

'သြော် ဒီလိုပါပဲလား... 'အကြိမ်ကြိမ်

ပြီးတော့လည်း ပြန်လည်ချိုမြိန်ဆဲ

ဘဝဆိုတာတိုက်ပွဲ ဒဿနလောက်နဲ့

မနက်ဖြန်အတွက် လင်းလက်ရဲရင့်

ဘာမှ အဆင်သင့် ပြင်မထားရသေးဘူးလား

ဟော ဟိုမှာ ရထားလာနေပြီ။ ။

သောင်းပြောင်းထွေလာ

ရယ်စရာမဂ္ဂဇင်း၊ ဒီဇင်ဘာ - ၂၀၀၅

***

## အောင်မြင်သူတို့စကား

လမ်းကြိုလမ်းကြား

မင်း သွားဖူးခဲ့တာပဲ

ဟိုစကား သည်စကား

မင်း ကြားဖူးခဲ့တာပဲ

လောကဓံက ဘာဖြစ်လဲ

လူတွေကဘာဖြစ်လဲ

အခက်အခဲဆိုတာဘာလဲ

ဆင်းရဲခြင်းဆိုတာ ခါးသလား

မင်းအမြဲပြောတဲ့ ပြက်ရယ်စကား

မင်းနားကိုပြန်မဝင်တာလား

မင်းအောင်မြင်ခဲ့ရင် ...

မင်းရယ်သွမ်းသွေးခဲ့တာပဲ

မင်းချမ်းသာခဲ့ရင် ...

မင်း ဟားတိုက်ခဲ့တာပဲ

အရင်က

အသက်ရှင်ခြင်းဟာ ရှည်ကြာသတဲ့လား

မင်း အနာဂတ်ဟာ

မင်းသေဆုံးခြင်းတဲ့လား

ခုတော့

မင်းအပြောင်းအလဲဟာ

မင်း အောင်မြင်ခြင်းလား

လူ့ဘဝမှာ

ဘယ်လိုနေရမယ်

ဘာလုပ်ရင် ဘာဖြစ်မယ်

ဆင်းရဲခြင်းဟာ ဘာ

ဒုက္ခဟာဘယ်လို

မင်းဆိုနေတဲ့သီချင်း

မင်းနဲ့တော့ အလိုက်ဖက်ဆုံး

ခု မင်းပြုံးနေတာလည်း မင်းအတု

ခု မင်းငိုနေရင်လည်း မင်းအလွဲ

ဘာပဲဖြစ်ဖြစ်

မင်းပြောတဲ့စကားလည်း ငါ့အရင်လိုပဲ

ငါတို့နှစ်ယောက်တွဲပြောရင်

မင်းပဲအရာထင်မယ်

အောင်မြင်သူတို့စကား

အမှန်တရားချည်းပဲ ဆိုတဲ့ဝါကျ

မင်းရေးပြတာလည်း ကောင်းတယ်

မင်းဘဝကို မင်းပြန်ဝယ်မယ် ဆိုတာလည်း

မင်းအောင်မြင်ခြင်းပဲလား

စဉ်းစဉ်းစားစားပေါ့ကွာ။ ။

အိုင်ဒီယာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၆

***